## ကိုယ်စားလှယ် အဖွဲ့များ ရောက်ရှိလာကြခြင်း

မတ် ၂၂ ။ ။ မန်ဆန်း ၃၂၈ လှုပ်ရှားမှုအခမ်းအနား ကြီးမှူး ပါဝင် ဆင်နွှဲကြမည့် မနက် ... ခင် နှင့် ဒေသ အသီးသီး မှ ကိုယ်စားလှယ် များ ပွဲ့မှူး ရောက်ရှိ နေ ပြီ ဖြစ်၍ ၂၂ တပ်မဟာ(၄) ဝတောင်ခရိုင် နှင့် မြို့နယ်အသီးသီး မှ ကိုယ်စားလှယ်များ ဝတောင်ခရိုင် အဆိုအက အဖွဲ့ နှင့် အနုပညာ သမားများ အပါအဝင် စုစုပေါင်း ၁၂၀ ယောက် ၊ ကိုးကန့် ခရိုင်တက် မဟာမိတ် ဦး ... နှင့် ၄ဝ ... ခြောက်ကို အလေးထား ... အကြိုအကြိုယ် ဆွေး နွေး ... ချယ် ထား ကြသော ခရိုင်းနှင့် ... ကိုယ်စား ကိုယ်စားလှယ်များ အနုပညာသမားများ အပါအဝင် စုစုပေါင်း ၆၅ ယောက် ရောက်ရှိလာကြပြီ ဖြစ်သည်။

သတင်းစဉ်

၁၃၄၉ ခု တန်ခူးလဆန်း ၁၁ (28-3-88)

# ၃၂၈ အကြိုလှုပ်ရှားမှုများ

## ဝတောင်ခရိုင် နှင့် ကိုးကန့်ခရိုင်မှသတင်း

မတ် ၂၅ ။ ။ ဝတောင်ခရိုင် နှင့် မြို့နယ် အသီးသီး မှ ကိုယ်စားလှယ်များနှင့် ပြည်သူ ၅၀၀ ကျော်က အခိုင်အမာ အနေအထား ခွန်များ နှင့် ဖျော်ဖြေ တပ်မဟာ (၄) မှူး ... မတ် ၁၅ ရက်နေ့က ... ဖြင့် ... တပ်မဟာ (၄) ချီတက်လာ ... တပ်ဖွဲ့ အသီးသီး မှ ပြည်သူ့ ... များ အတွက် ဝတောင်ခရိုင် မှ နွား ၅ ကောင်၊ မန်းပန်မြို့နယ် မှ နွား ၁ ကောင်၊ မန်ယန်း မြို့နယ် မှ ကျပ်ငွေ ၁၅၀၀ နှင့် ... ၁၀၀၀ ၊ နားကောင်မြို့နယ် မှ ကျွဲ ၁ ကောင်၊ နောင်ခမ်းမြို့နယ် မှ ဝက် ၃ ကောင်၊ ... မြို့နယ်မှ နွား ၁ ကောင် ၊ ... မှ သန် ... ပေးကြောင်း ... ၏ ... ပို့ ...

▷ ကျေးဇူးတင်စရာ ၂ ... ကော်ပီ ၊ ... ◁

လက်နက်ကိုင်တော်လှန်ရေး အဆုံးတိုင် ဆင်နွှဲမည်

၃၂၈ ပြင်ဆင်ရေး ကော်မတီ မှ ထုတ်ဝေသည်

သတင်းစဉ်

၁၈ - ၃ - ၈၈

# ရန်သူကို အပြိုင်အဆိုင် သုတ်သင်ကြပြီး လက်နက်ကိုင် တော်လှန်ရေးနေ့ ကို ဂုဏ်ပြုကြ ။

ယနေ့ ဆင်နွှဲနေကြသော လက်နက်ကိုင်တော်လှန်ရေးသည် နယ်ချဲ့ ၊ ပဒေသရာဇ် မြေရှင် နှင့် ဗျူရိုကရက်လူတန်းစားများကို ကိုယ်စားပြုသော လက်နက်ကိုင် တန်ပြန်တော်လှန်ရေး အင်အားစုက တစ်ဘက် ၊ ၎င်းတို့၏ ဖိနှိပ်သွေးစုပ် အုပ်ချုပ်မှုကို ခုခံတိုက်ခိုက်နေကြသော ပြည်သူလူထုကြီးက တစ်ဘက် ၊ ဆင်နွှဲနေကြသော ပြည်တွင်းစစ်ကြီး ဖြစ်သည်။ ဤစစ်ပွဲကြီးသည် လူတစ်ဦး တစ်ယောက်၏ [illegible] မိုက်ရူးပေါက်ပြီး ဖန်တီးလိုက်သည့် စစ်ပွဲမျိုး မဟုတ်။ ဗမာပြည်သမိုင်းအခြေအနေအရ ပြင်းထန်သည်းထန်သည့် လူတန်းစားတိုက်ပွဲ သည် နိုင်ငံရေးအရ ဖြေရှင်း၍ မရတော့ဘဲ အုပ်စိုးသူလူတန်းစားသည် ပြည်သူများအား နေရာင်ဒီမိုကရေစီကိုပင် မပေးတော့သည့်အခါတွင် မလွှဲမရှောင်သာ ပေါ်ပေါက်လာရသည့် စစ်ပွဲကြီး ဖြစ်သည်။ ဤစစ်ပွဲ မျိုးသည် [illegible] ကြာမြင့်ကြာရှည်သည်ကား မှန်၏။ သို့သော် ပြည်သူလူထုကြီး၏ အကျိုးစီးပွားအား သာ၍ သွေးစုပ်မှုကင်းသော ဗမာပြည်သစ် တည်ဆောက်နိုင်ရေးအတွက် ပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ဆင်နွှဲနေကြရသည့် မှန်ကန်သော စစ်ပွဲကြီးလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဤကဲ့သို့သော စစ်ပွဲမျိုးကို သွေးစုပ်သူ နှင့် သွေးစုပ်ခံလူတန်းစား အကြား [illegible] ပြီး လက်နက်ကိုင်တော်လှန်ရေးကို တစ်ဖက်တစ်လမ်းနှင့် ရပ်တန့်ပစ်၍မရ ၊ တစ်ဘက်နှင့်တစ်ဘက် အရေးပါ [illegible] အပြတ်အသတ် ဆုံးခန်းတိုင်အောင် နွှဲသွားရမည့် စစ်ပွဲမျိုးသာ ဖြစ်ပေသည်။

ဤသို့သော နေ့ထူး နေ့မြတ်သို့ ရောက်ရှိသည့် အခါတိုင်းမှာပင် ၊ ကွန်မြူနစ်များရော ၊ ပြည်သူလူထုကြီးပါ ဂုဏ်ယူဝင့်ကြွားမဆုံး ရှိကြသည်။ တော်လှန်ရေး အင်အားသစ်အားသစ် [illegible] များ ဖြည့်တင်းပေးခြင်း ခံထားကြရသည်။ ဤသို့ဖြင့် ဖိဖိတို့ လက်တွင်းမှ သေနတ်ကို မြဲမြဲဆုပ်ကိုင်ထားပြီး ၊ ရဲရဲတံ့တံ့ တိုက်ပွဲဝင်သွားမည် ဟူသော အဓိဋ္ဌာန်သည် ခိုင်မာသည်ထက် ခိုင်မာလာခဲ့သည်။ ဤအခြေအနေတွင် ဗဟိုကော်မတီ [illegible] ဆိုက်ခင် ၊ ကွန်မြူနစ်ပါတီအဖွဲ့ဝင် ၊ ပြည်သူ့တပ်မတော် တပ်မှူးတပ်သားအားလုံး နှင့်တကွ ဗမာပြည် ပြည်သူတရပ်လုံးအား ရန်သူကို အပြိုင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

## လွှယ်ဆန်ဆပ် မှာလဲ လန်

မတ် ၂၆ ။ ။ လွှယ်လန်းဒေသလွှယ်ဆန်ဆပ် ပါက် ဝိုးပင်းပါသည့် ရန်သူ ကို ပြည်သူ့တပ်မတော်မှ ၆ ကြိမ် တွန်းလှန် တိုက်ခိုက်ပြီး ရန်သူ့ ထိခိုက် ဆုံးရှုံးမှု ကြီးကြောင်း မပြည့်စုံသေးသော သတင်းများ အရ သိရသည်။

## စစ်ကားများ ကို ခြုံခို နှံ

မတ် ၂၆ ။ ။ အမှတ် ၆ မြို့နယ်မှ ရဲဘော်များက ဖိုင်းတွဲကားလမ်းပေါ်တွင် ရန်သူ့ကား ၂ စီး ကို မြှုပ်ခိုတိုက်ခိုက်၍ ဖေါက်ခွဲ မျက်ဆီးလိုက်ပါသည်။ အသေး စိတ် သတင်းများ မရ ရှိသေးကြောင်း ။

## လွယ်ဆန်ကျင်ပျောက်ကြား

မတ် ၁၉ ။ ။ မန်းဟုန်ခရိုင်၊ လွယ်ဆန်ကျင်အရပ်တွင် ရန်သူ ခလရ ၅၆ ကို ပျောက်ကြားတိုက်ခိုက်ရာ ရန်သူ ၅ ယောက်သေ၊ အချို့ ဒဏ်ရာ ရရှိသွားပါသည်။

## ရန်သူသုံး တံတားများ ချိုး

မတ် ၁၉ ။ ။ သံလွင်မြစ် အရှေ့ဘက် မဲဟံ တန့်ယန်းမြို့ ပေါင်ဝဘက်ရှိ နားယိုတံတား နှင့် နားကောင်ဝင်တံတား တို့ ကို မိမိ လက်နက်ဖွဲ့တပ်ဖွဲ့ မှ ဖေါက်ခွဲ ခဲ့ ။

▶ တွေ့ပွဲ ပစ္စည်းများ အသစ်ဖြင့် ကျူလျှောက်နှင့် ဆားကြီး ဝပေါက်ချိုင့်မှ ရှမ်းတန်း ရဲဘော်များ နှိမ်နင်းသော အမ်းသုံးဗျူး အမိုး ၁၅၀၀ နှင့် ပေးပို့ ဆောင်မြန်း ခဲ့ ပါသည်။

ဒုတိယ ရှမ်းတန်း ဖြတ်ဆင်း အချို့နှင့်ဆေး မြန်းပွဲများ ကို ခမ်းနား ဗွီဒီယို အဖွဲ့မှ မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးပေးသည် ပါ ဝင်ပြသည်။ ခမ်းနားသော ဗွီဒီယို အဖွဲ့သည် တပျိုနယ်တွင် နတ်မတ် ဦး နယ် လှုထုများ ဖြတ်ပေါင်း ၁၀၀ နှင့် ဧည့်သည်တော် ၁၀၀ နှီးနှောဖျော်ဖြေ များကို မှတ်တမ်းတင်ခဲ့ကြောင်း။

မတ်လ ၁၈ ရက်နေ့က ဝဆောင်းဆိုင် တော်မတ်ဘီများနှင့် အသိုင်းအဝန်း ၂ ဖွဲ့ မှ ရဲဘော်များ အဘဘ နှင့် ကျန်း သွား ရောက်သည့် ရှင်ရေးလှုပ်ရှားပြီး မတ်လ ရက်နေ့တွင် ဌာနအသီးသီးမှ ရဲဘော်များ၊ မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များ နှင့် အဆိုအကအဖွဲ့ဝင်များက လှုပ်ရှားပြသခဲ့ကြောင်း ။

## ကိုးကန့်ခရိုင် လှုပ်ရှားမှု

မတ် ၂၄ ။

ကိုးကန့်ခရိုင်တွင် နှစ်ရှည် မြှုပ်သက်လက် နက်ကိုင်လောက်ကိုင်ရေး ရေ့ ဌာနမြို့ အသစ်အနားကို မြို့နယ် ၄ ခု ၊ ခရိုင် ဘက်ရင်း ၄ ရင်းက နေရာခွဲ၍ ကျင်းပမည် မြစ်သည့်ဖြင့် ခရိုင်ရုံးဖွင့်လှည်း တပ်မှူး၊ တပ်သား၊ ကေဒါ၊ လယ်သမား အစည်းအရုံး ဝင်များနှင့် ရှမ်းတန်းမြန်မာ ရဲဘော်များ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ **

# ပြည်သူ့စစ်ပွဲ ဆင်နွှဲရေး လမ်းညွှန်မှုကို မြဲမြဲ ဆုပ်ကိုင်ကြ

ရဲဘော်စိုးသိမ်း

ပြည်သူ့စစ်ပွဲ ဆင်နွှဲခြင်းသည် တော်လှန်စစ် ၏ အခြေခံလမ်းညွှန် ဖြစ်ရုံမက၊ တော်လှန်စစ် ၏ အခြေခံ ထူးခြားချက်လည်း ဖြစ်သည်။ ထို့ကြောင့် တော်လှန်စစ်အသွင်သို့ ပြည်သူလူထုတရပ်လုံး ပါဝင်ဆင်နွှဲ လာကြအောင် ရဲရဲ ပျိုးထောင်စည်းရုံး ကြရမည်။ လက်နက်ကိုင်တိုက်ပွဲသဏ္ဌာန်ကို အဓိကတိုက်ပွဲသဏ္ဌာန်အဖြစ်ထားပြီး အခြားတိုက်ပွဲသဏ္ဌာန်များဖြင့် အပြန်အလှန် ပေါင်းစပ်ပေးရမည်။ ထို့မှသာ တော်လှန်စစ် ၏ ဝန်ပိုးဝေဝေဆာဆာကို ထမ်းဆောင်နိုင်ပြီး အောင်ပွဲအချိုးကို မြှင့်တင် ပေးနိုင်မည်။

ဗမာပြည် တော်လှန်ရေး အတွက် ဆိုလျှင် ပထမဦးဆုံး ရေရှည်ပြည်သူ့စစ်ပွဲနှင့် အာဏာသိမ်းရေး လမ်းကြောင်းကို မိမိရရ ကိုင်ရမည်။ ကျေးလက်ကို အခြေခံ၊ ကျေးလက်မှ မြို့ကိုဝိုင်း၊ နောက်ဆုံး မြို့များကို သိမ်းခြင်းဖြင့် တပြည်လုံး အာဏာသိမ်းရေး ဆိုတဲ့ လမ်းကြောင်း ကို မိမိရရ ကိုင်ရမည်။ ဒုတိယ အားဖြင့် ပြည်သူ့လက်နက်ကိုင်များ ဖြစ်ကြသည့် အဓိကတပ်၊ ဒေသတပ်၊ ပြည်သူ့စစ် တို့ကို သုံးရပ်ကာကွယ်ရေး နည်းသုံး ထွန်းကားစေပြီး ပေါင်းစပ်ပါဝင်စေရမည်။ တိုက်ပွဲများအတွင်း ပြည်သူများ ပါဝင်မှု အခန်းကိုလည်း ထွန်းကားစေရမည်။ တတိယ အားဖြင့် လက်နက်ကိုင်တိုက်ပွဲသဏ္ဌာန်ကို အဓိကတိုက်ပွဲသဏ္ဌာန်အဖြစ်ထားပြီး အခြားတိုက်ပွဲသဏ္ဌာန်များဖြင့် အပြန်အလှန် ပေါင်းစပ်ပေးရမည်။ တိုက်ပွဲသဏ္ဌာန် ပေါင်းစုံလေလေ ကျယ်ပြန့်သည့် လူထုများ ပါဝင်နိုင်လေလေ ဆိုသော တရားလက္ခဏာကို ကိုင်စွဲ ရမည်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ပွဲကို ရန်သူသိမ်းပိုက်ထားသည့် ဒေသ လူထုတိုက်ပွဲများနှင့် ပေါင်းစပ်ပေး ရမည်။ တပ်ပေါင်းစုကို အဆက်မပြတ် တိုးချဲ့ရမည်။ စတုတ္ထ အားဖြင့် ဆိုလျှင် ပြည်သူ့စစ်ပွဲ သေနင်္ဂဗျူဟာ နှင့် စစ်ဆင်ရေး သဏ္ဌာန်များ ပေါင်းစပ်မှုကို မှန်ကန်စွာ ကျင့်သုံးရမည်။ ပြောက်ကျားစစ်၊ လှုပ်ရှားစစ် နှင့် နေရာယူစစ်များကို ကာလအလိုက်၊ ဒေသအလိုက် မတူသလို ပေါင်းစပ်ဆင်နွှဲပြီး ရန်သူ ချေမှုန်းရေး များကို ပြောင်ပြောင်မြောက်မြောက် လုပ်ရမည်။ သေနင်္ဂဗျူဟာ ခံစစ်ကာလတွင် ပြောက်ကျားစစ်ကို အဓိကထား ပြီး လှုပ်ရှားစစ်နှင့် ပေါင်းစပ်ပေး ရမည်။ ထိုအခါသင့်သည့် နေရာများမှာ နေရာယူစစ်ကို သင့်သလို ကျင့်သုံးရမည်။ သင်လည်း သင့်နည်းနှင့်တိုက်၊ ငါလည်း ငါ့နည်းနှင့်တိုက် ဆိုသော မော်စီတုံး ၏ ကျော်ကြားသည့် လမ်းညွှန်ကို ကျင့်သုံးပြီး နိုင်ငံရေး စစ်ရေး အခွင့်ကောင်းများ ကို လက်မလွှတ်အောင် လုပ်ရမည်။

ခြုံလိုက်လျှင် ပြည်သူ့စစ်ပွဲ ဆင်နွှဲ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

# ရှမ်းပြည်တိုးတက်ရေးပါတီ မှ ပေးပို့သော သဝဏ်လွှာ

ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး အနှစ် ၄၀ ပြည့်မြောက် နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ သို့ ပေးပို့သော ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုကော်မတီ ၏ သဝဏ်လွှာ မှ ကောက်နုတ်ချက် ကို ဖော်ပြပါသည်။

၁။ ရှမ်းပြည်တိုးတက်ရေးပါတီ ဟာ ဗမာပြည်ကွန်မြူနစ်ပါတီ နဲ့ ၁၉၇၄-ခု နှစ် မှ စပြီး ယနေ့ ၁၉၈၈ - ခုနှစ် အထိ (၁၄) နှစ် တိုင်တိုင် အတူတကွ လက်တွဲတိုက်ပွဲဝင်လာခဲ့ကြတဲ့ အတောအတွင်းမှာ အပြန်အလှန် ကူညီကြပြီး ဘုံရန်သူ ဦးနေဝင်း တိုက်ရေး အတွက် ပူးတွဲတိုက်ပွဲဝင်ရေး ညီညွတ်မှု ကို ခိုင်မာသထက် ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့တယ်။

၂။ ၁၉၇၅ ခုနှစ် ဇူလိုင်လ (၂၇) ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်ဗသိန်းတင်က ရှမ်းပြည်တိုးတက်ရေးပါတီ မှ ခေါင်းဆောင်များ ကို ပန်ဆန်း ရှိ အရှေ့မြောက်စစ်ဒေသ စစ်ဌာနချုပ်မှာ ခေါ်ယူတွေ့ဆုံ မေးမြန်း ခဲ့စဉ်က - “ ဗမာပြည် လုံးဝ လွတ်မြောက်ဖို့ ဗမာပြည်မှာ ရှိတဲ့ အခြားအမျိုးသား လူမျိုးစု တွေ မလွတ်မြောက်ဘဲနဲ့ ဗမာလူမျိုးပဲ မလွတ်မြောက်နိုင်ဘူး။ ထို့နည်းတူစွာ ဗမာလူမျိုး မလွတ်မြောက်ဘဲနဲ့လဲ အခြား အမျိုးသား လူမျိုးစုတွေဟာ မလွတ်မြောက်နိုင်ဘူး ” လို့ မိန့်ကြားခဲ့တယ်။ ဒါဟာ ဗမာပြည်လက်ရှိ လက်နက်ကိုင်တော်လှန်ရေး အခြေအနေ နဲ့ အလွန် ကိုက်ညီတယ်။ ဒါကြောင့် ရှမ်းပြည်တိုးတက်ရေး ပါတီ အနေနဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ နဲ့ အေးအတူ ပူအမျှ လက်တွဲပြီး အခြားသော အမျိုးသား လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တိုက်ပွဲဝင် စည်းလုံးညီညွတ်မှုကို ကျယ်ပြန့်နိုင်သမျှ တည်ဆောက်ပြီး ဗမာပြည်တွင်းရှိ [illegible] အမျိုးသားပေါင်းစုံ ပြည်သူများ တောင့်တနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး အသံ၊ ဒီမိုကရေစီရေး အသံ၊ အမျိုးသား တန်းတူညီမျှရေး အသံ စတဲ့ အသံ သုံးသံကို ကိုင်စွဲပြီး အောင်ပွဲရသည် အထိ ချီတက်သွားမယ် ဖြစ်ပါ တယ်။

နှစ်ပါတီ တိုက်ပွဲဝင် ဆွေးနွေးစည်းလုံးညီညွတ်မှု အမြဲခိုင်မြဲပါစေ။

ကြီးမြတ်ဂုဏ်ပြောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အမြဲခိုင်မြဲပါစေ။

ဥက္ကဋ္ဌ သခင်ဗသိန်းတင် အမှူးပြုတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ ကျန်းမာပါစေ။

# နှစ် ၄၀ မြောက် လက်နက်ကိုင်တော်လှန်ရေးနေ့သို့ ပေးပို့သဝဏ်လွှာများ

## ရလလဖ ဗဟိုကော်မတီ မှ သဝဏ်လွှာ 《ကောက်နုတ်ချက်》

၁။ ဗမာပြည် လက်နက်ကိုင် တော်လှန်ရေး သမိုင်းမှာ ဘယ်ပါတီ အဖွဲ့အစည်း က မှ ယခုကဲ့သို့ နှစ်ရှည်ရှည် ၊ အပင်ပန်းခံ လုံးပန်း တိုက်ခိုက်နိုင်ခဲ့တာ မရှိခဲ့ပါဘူး ။ ဒီ ပါတီဟာ ပါအချင့်ဆုံး ၊ ဇွဲအရှိဆုံး ၊ ကြံ့ခံ လုံးပန်း အတိုက်ခိုက်ခံဆုံး ပါတီဖြစ် လို့ ရှုမြင်ပြီး တော်လှန်ရေးကို အဆုံး တိုင် ဆင်နွှဲပြီး အောင်ပွဲ မုချ အောင် မြင်မည့် ပါတီ ဖြစ်ကြောင်း ရလလဖ မှ အကြွင်းမဲ့ ယုံကြည်ထားသည့် အပြောက် ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် အတူ တော်လှန်ရေး တိုက်ပွဲကို ဆုံးခန်း တိုင် လက်တွဲ တိုက်ခိုက်သွားမည် ဖြစ် ကြောင်း ။

ရွှေရတုမြောက်တဲ့ ဗမာပြည်ကွန် မြူနစ်ပါတီ အသက်ရှည်ပါစေ ။

နေဝင်း စောမောင် စစ်အုပ်စု မုချကျ ဆုံးရမည် ။

ပြည်သူ့ဒီမိုကရေစီ တော်လှန် ရေး မုချ အောင်ရမည် ။

ဥက္ကဋ္ဌ သခင်ဗသိန်းတင် ကျန်းမာ ပါစေ ။

## ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး 〈ကလလတ〉 ၏ သဝဏ်လွှာ

《ကောက်နုတ်ချက်》

၁။ ပါတီ ဥက္ကဋ္ဌကြီး နှင့် ဗဟို ကော် မတီဝင် အားလုံး ၊ ဗမာပြည်ကွန်မြူနစ် ပါတီ ခေါင်းဆောင်မှုရှိ အဖွဲ့အစည်း အားလုံး ၊ ပြည်သူ့တပ်မတော် ၊ လွတ် မြောက်ရေးဒေသရှိ တပ်မှူး တပ် သား အားလုံး ၊ လွတ်မြောက်ဒေသ ရှိ ပြည် သူ နှင့် ပျောက်ကြားဒေသ အားလုံး ရှိ တပ်မှူးတပ်သား ၊ ပြည်သူလူထုတစ်ရပ် လုံး ကျန်းမာရွှင်လန်း ချမ်းမြေ့ပါစေ ။

ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် အမျိုး သား ဒီမိုကရေစီ တပ်ပေါင်းစု တို့၏ စစ် ရေး သဘောတူညီချက်များ ဆက်လက် အကောင်အထည် ဖော်နိုင်ပါစေ ။

ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် 〈က လ လ တ〉 တိုက်ပွဲဝင် သွေးစည်း ညီ ညွတ်မှု ခိုင်မြဲပါစေ ။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီ လက် နက်ကိုင် တော်လှန်ရေး အောင်မြင်ပါစေ ။

---

### ဝ အမျိုးသား အဖွဲ့ ၏ သဝဏ်လွှာ

အနှစ် ၄၀ မြောက် လက်နက်ကိုင်တော်လှန်ရေးနေ့ အခမ်းအနား တွင် ဝ အမျိုးသား အဖွဲ့ ကိုယ်စားလှယ် လည်း တက်ရောက်၍ သဝဏ်လွှာ ဖတ် ကြားပါသည် ။

## လက်နက်ကိုင်တော်လှန်ရေး အနှစ် ၄၀ မြောက် နေ့

## အခမ်းအနား အစီအစဉ် 28/3/88

၁။ ၈ နာရီ ၂၀ မိနစ် ရုံးဌာန နှင့် လူထုလူတန်းစား အဖွဲ့အစည်းများ အခ သင့် နေရာယူပြီး ရန်။

၂။ ၈ နာရီ ၃၀ မိနစ် ပြည်သူ့တပ်မတော်က ချီတက်အလေးပြုပြီး နေရာ ယူရန်။

၃။ အလံတော်တင် အလေးပြုရန် (တပ်မတော် အလေးပြုနည်း)

၄။ ကျဆုံးသွားပြီးသော ခေါင်းဆောင်များ နှင့် အာဇာနည်များကို ငြိမ် သက်စွာ အလေးပြုရန်။

၅။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ကြွေးကြော်သံ တပ်မြောက် အား ဖတ်ကြားရန်။ (ရဲဘော် ခင်မောင်ကြီး)

၆။ ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင် ဗသိန်းတင် ၏ မိန့်ခွန်း

၇။ ကြွေးကြော်သံများ ကြွေးကြော်ရန်။

၈။ ပြည်သူ့တပ်မတော် ချီတက် ပြီး ရုပ်သိမ်းရန်။

၉။ သဘင်ပညာသည်များ အဖွဲ့အစည်း အစီအစဉ်နှင့်ပြီး၊ တပ်မတော် နှင့် လူထု အသင်းအဖွဲ့ မှ ဖျော်ဖြေရန်။

---

## စစ်ရေးပြပွဲ / စစ်ရွှမ်းရည်ပြပွဲ ကျင်းပပြီးစီးသွားကြောင်း

မတ် ၂၇ ။ အီတလီ၊ ဂေါင်း ခေါင်းဆောင်များ၊ တပ်ခေါင်း ရုံး မှ ခေါင်းဆောင်များ၊ နယ်ကိုယ်စားလှယ်များ၊ တပ်ပ ၄ ရှု အနီးဝိုးဝိုး မှ ရဲဘော်များ၊ ပြည်သူ များ၊ စုံညီ တက်ရောက်အားပေးသော စစ်ရေးပြပွဲ နှင့် စစ်ရွှမ်းရည်ပြပွဲကို ယခု နံနက်ပိုင်း မှ ညနေပိုင်း အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။

တပ်ဖွဲ့အသီးသီး က စစ်ရေးပြကွက်များ တပ်ဖွဲ့လိုက် ချီတက်လာပြီး အချက်ပြစစ် ရေး ပြကွက်များ၊ အဆောက်အဦး တိုက်ခိုက်သွားခြင်း ပြကွက်များ၊ အသေးစား တပ် လှုပ်ရှားမှု ပြကွက်များ ပြသခြင်း၊ တပ်ဖွဲ့ လိုက် လက်နက်ကျွမ်းကျင်မှု အခြား ပြိုင် ပွဲများ ပြုလုပ် ကျင်းပခဲ့ကြပါသည်။

စစ်ရေးပြပွဲ နှင့် စစ်ရွှမ်းရည်ပြပွဲ ပြိုင်ပွဲမှာ အောင်မြင်သော ဆုရရှိသူ ရဲဘော်များ တပ်မတော်သား များ၊ ရဲဘော်များ ဆုအား ပေးအပ် ချီးမြှင့်ခဲ့ကြ၏။ ရှင်းလင်းသန့်ရှင်း ကောင်းမွန်စွာ အားလုံး ဖြစ်ပေါ်ကြသည်ကို မြင်တွေ့ရကြောင်း။

# လက်နက်ကိုင်တော်လှန်ရေး အနှစ် ၄၀ မြောက် နေ့ တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုင်းပြည်သို့ တင်ပြချက်

၁၉၈၈ ခု မတ်လ ၂၈ ရက်နေ့တွင် ကျရောက်သော ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေး အနှစ် ၄၀ မြောက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ မှ တိုင်းပြည်သို့ တင်ပြချက် ထုတ်ပြန်သည်၊ ယင်း ထုတ်ပြန်ချက်တွင် အပိုင်း ၅ ပိုင်း ပါရှိရာ ယခု ဖော်ပြလိုက်သည်မှာ အပိုင်း ၅ ဖြစ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူလူထု အပေါင်းထံသို့ နှင့်၊ မျိုးချစ်စိတ် ပြည်ချစ်စိတ် ရှိကြသော ရဟန်း သံဃာ လူပုဂ္ဂိုလ်များ ထံသို့ နှင့်၊ လေးနက်တည်ကြည်စွာ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ လက်ရှိ မဆလ တပါတီအာဏာရှင်စနစ်အစိုးရကို ဖျက်သိမ်းပြီး ယာယီအစိုးရ တရပ် ဖွဲ့စည်းရေး။

၂။ လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်သိမ်း၍ ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေး နှင့် လိုလားတောင်းဆိုချက်များကို အကာအကွယ် ပေးနိုင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ် တရပ် ရေးဆွဲရေး။

၃။ နောင် ပေါ်ပေါက်လာမည့် ယာယီအစိုးရသည် အောက်ပါ အခြေခံလုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်သွားရေး။

(က) ပြည်တွင်းစစ် ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည် တည်ဆောက်ရေး။

(ခ) ပြည်သူများ၏ ဒီမိုကရေစီ အခွင့်အရေး များကို အပြည့်အဝ ပြန်လည်ပေးအပ်ရေး။

(ဂ) အမျိုးသား များ၏ သွေးစည်းညီညွတ်ရေး ကို ပြန်လည်တည်ဆောက်ရေး။

(ဃ) အမျိုးသား စီးပွားရေး ကို ဖွံ့ဖြိုးတိုးတက်စေပြီး၊ ပြည်သူများ၏ နေထိုင်မှုဘဝ ကို တစတစ မြှင့်ပေးရေး။

(င) နိုင်ငံခြားဆက်ဆံရေးတွင် အမှီအခိုကင်းသော ကြားနေရေး ပေါ်လစီကို ကျင့်သုံးရေး။

…………စသည်တို့ကို အကောင်အထည်ဖော်ရန်အတွက် နည်းမျိုးစုံဖြင့် အားထုတ် လုံးပန်းသွားကြရန် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြသော တင်ပြချက်များ အောင်မြင် ထမြောက်ရေး အတွက် ဗမာပြည်ကွန်မြူနစ်ပါတီသည် တက်ကြွစွာ အပြုသဘော ဆောင်သည့် အကြံပြုချက် များဖြင့် ပါဝင်ဆောင် ရွက်သွားမည် ဖြစ်ပါသည်။

● ရေး အခြေခံ [illegible]ကို ကြံ့ကြံ့ခိုင် ဆောင်ရွက်ပြီး တော်လှန်ရေးအောင် ပွဲအချိန်ကို မြှင့်တင်ကြရမည်။ ။

## ကျိုင်းတုံမြောက် ခရိုင် ရောက်လာပြီ

မတ် ၂၅ ။ ။ ကျိုင်းတုံ မြောက် ပိုင်း ခရိုင် ပါတီကော်မတီ မှ ခေါင်း ဆောင်၍ ကိုယ်စားလှယ် ၂၀ ၊ တော် လှန်သော တပ်သင်း နှင့် လူမျိုးစုံ ပြည် သူ ၃၀၀ ကျော် ပါသော အဖွဲ့ ကြီး တဖွဲ့ ရောက်လာပြီ ဖြစ်ကြောင်း။

## ဝ မြောက်ခရိုင် ရောက်

မတ် ၂၃ ။ ။ ဝ မြောက် ခရိုင် မှ ကိုယ်စားလှယ် နှင့် လူထု ၄၀ ပါဝင် သော ချီတက်ရေး အဖွဲ့ တဖွဲ့ သည် မတ် ၂၄ ရက်နေ့ကပင် ရောက်လာ ပြီး၊ ၃၂၈ ပြပွဲများမှုများတွင် အသင့် ပါ ဝင် ဆင်နွှဲ နေကြပြီ ဖြစ်သည်။

ယနေ့ နောက်ထပ် ၁၁၀ ကျော် ထပ်မံ ရောက်ရှိလာရာ စုစုပေါင်း အင် အား ၁၅၀ ကျော် ရှိပြီဖြစ်ကြောင်း တွေ့ရှိရသည်။

## ထိုင်း ဗိုလ်ချုပ်ကြီး ဗမာပြည် ခရီးစဉ် ဖျက်

မတ် ၂၄ ။ ။ စစ်အာဏာရှင် ကာကွယ် ရေး ဦးစီးချုပ် သန်းယောင် ၏ ဖိတ်ကြား ချက်အရ ဧပြီလဆန်းပိုင်း အတွင်း ရန် ကုန်မြို့ သို့ လာရောက်လည်ပတ်ရန် ရှိ သော ထိုင်း စစ်ဦးစီးချုပ် ချွာဗန်လစ် ၏ ခရီးစဉ် မှာ ကျောင်းသား ဆန္ဒပြ ကြ ရန်ကုန်တွင် နေဝင်းဖိုးမြိုမ်း နေသော အ ချိန် နှင့် တိုက်ဆိုင်နေသဖြင့် ဖျက်သိမ်း လိုက်ရသည် ဟု သိရကြောင်း။

## ကျောင်းသား ဆန္ဒပြမှု ဗမာငွေ တန်ဘိုးကျ

မတ် ၂၄ ။ ။ ရန်ကုန် [illegible] တ က္ကသိုလ် မှ စ လိုက်သော ဆန္ဒပြ မှု ကြီး ကို လူထု က ပါ လာရောက်ပါဝင် လာပြီးနောက် တနိုင်ငံလုံး၊ ဂ ယက်ရှိနေသည့် ထိုင်း - ဗမာ နယ်စပ်အ ရောင်း အဝယ် လောကတွင် ဗမာ ငွေ တန်ဘိုး သည် ၁၀ ရာခိုင်နှုန်း ခန့် ယိမ်း ယိုးကျသွား ပြန်သည် ဟု နိုင်ငံ ခြား သတင်းဌာန တခု မှ ကြေညာသွား ကြောင်း ။

## လဲချားမြို့တွင်း ဝင်

မတ် ၁၃ ။ ။ ပြည်သူ့တပ်မတော် တပ်ဖွဲ့ တဖွဲ့ သည် ညသန်းခေါင်ကျော် အချိန်တွင် လဲချား မြို့တွင်းသို့ ဝင်ရောက်ပြီး ဖြေအား တပ်ကို တိုက်ခိုက်ခဲ့ ။

# အားကစားပြိုင်ပွဲများ

## အကျိုး ကောင်းစွာဖြင့် ကျင်းပ

မတ် ၂၇ ။ ။ လက်နက်ကိုင်တော်လှန်ရေးနေ့ အထိမ်းအမှတ် အားကစားပွဲများကို ယခုအခါ အကျိုးအဟုန်ကောင်းစွာဖြင့် တက်တက်ကြွကြွ ပွဲဦးကျင်းပနေသည်ကို တွေ့ရသည်။

တပ်ပေါင်းစုံ ၊ ဌာနပေါင်းစုံနှင့်လူထုအသီးသီး ပါဝင်သော အားကစားမျိုးစုံ ပြိုင်ပွဲများကို မနက်မှ ညနေ ဝိုင်း ရက်ဆက်ကျင်းပလျက်ရှိရာ ယနေ့ ဆိုလျှင် ၈ ရက်ပင် ရှိသွားပြီဖြစ် ပါသည်။

အဝေးခရိုင် နှင့် မြို့နယ်များ မှ အားကစားအသင်း များနှင့် အားကစားသမားများပင် ဝင်ရောက်ယှဉ်ပြိုင် ကြသော ယခုအကြိမ် အားကစားပွဲကြီး တွင် အားကစားသမားချည်း နှစ်ရာ နီးပါး ခန့် ရှိသည် ဟု သိရသည်။

အားကစားပြိုင်ပွဲများအနက် ၂၆ ရက်နေ့တွင် ပြေးခုန်ပစ်ပြိုင်ပွဲများပြီး ဆုံးသွားပြီ ဖြစ်ပြီး ယခု သက်သက်ကြိုအသင်းလိုက်ပြိုင်ပွဲများအတွက် အကြို ဗိုလ်လုပွဲ များ နှင့် ဗိုလ်လုပွဲများ ယှဉ်ပြိုင်လျက် ရှိသည်။

ယနေ့ နံနက် ၆ နာရီ ခွဲတွင် တာဝေး ပြေးပွဲ အဖြစ် အမျိုးသား များက နားတော့ မှ ပန်ဆန်း ၊ အမျိုးသမီး များက ဟပ်ကျိုး မှ နားတော့ အထိ တာ , သတ်မှတ်ကြ ပြေးခဲ့သည်။

# လားရှိုးမိုး

## ဆိုးရွားမှုကြီးများ

မတ် ၂၃ ။ ။ ဒုတိယ မတ်လ ၂၀ ရက်နေ့က ရှမ်းပြည်၏ အရှေ့မြောက်ပိုင်းတိုင်း မြို့ဌာနချုပ် ဖြစ်သည့်ရှိရာ လားရှိုးမြို့၌ မိုး အကြီးအကျယ်ရွာခဲ့ရာ ဗမာပြည် မိုးလောင်မှုသမိုင်းတွင် ရှားရှားပါးပါး လူ ၁၁၃ ဦး သေဆုံး ပြီး ၆၄ ဦး ဆိုးဝါးစွာ မိုး ဟောင် ဒဏ်ရာရခဲ့ကြောင်း ၊ အိမ်ပေါင်း ၂၀၀၀ ကျော်ပြောင် ကျမ်းခဲ့ပြီး လူ ၂၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရှုံး ကာ တန်ဖိုး အားဖြင့် ကျပ် ငွေ သိန်း ၆၀ ကျော်ဆုံးရှုံး ခဲ့သည် ဟု သိရကြောင်း။

ဓာတ်တပ်များရှာ ရှိသော မြို့ တွင် လုံလောက်သောအကူ အ ညီ မပေးနိုင်မှုကြောင့်သာ ကျို မှု များပြားရှာ သေဆုံးရသည် ဟု ထင်မြင်ပြောပေးနေကြသည်။

ခဏ်အာနိုးရ အခြေနှင့် ကျို လ ပိုင်းအတွင်း ကျောင်းသားပြည် သူများ၏ကူညီမှုကြောင့် ပြာ ယာခမ်းနေချိန်တွင် ကျော်လားရှိုး မိုးက မြေပုံ ရှာ လင်းဖျောင့်ဆို သကဲ့သို့ ဖြစ်နေကြောင်း။ ။

* အဆိုင်း သုတ်သင်ချေမှုန်းပြီး လက်နက် ကိုင်တော်လှန်ရေး နေ့ထူးနေ့မြတ် ကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြရန် ဆော်ဩ လိုက်ပေသည်။

ကျွန် ဆော်ဩချက်သည် မျက်မှောက် ဥပဒေ နှင့် ကိုက်ညီပြီး ပြည်သူလူထု ၏ လက်တွေ့ကျသော တာဝန်လည်း ဖြစ် သည်။ ထို့ကြောင့် တပ်မတော်သား များ၊ ပြည်သူ့စစ်များ၊ ပြည်သူလူထု များ အား လုံးသည် တစ်ဝက်တပျက် တော်လှန်ရေး အ ဟွေးအခေါ်၊ အချက်အလက်နှင့် တော်လှန် ရေး အခွေးအခေါ် များကို ဆင်နွှဲကျင်းကြ ပြီး ရန်သူကို နည်းမျိုးစုံဖြင့် သုတ်သင် ကြရန်။ ရန်သူ့ အမိုးလပ်စစ်သားများကို သုံ့ပန်းအဖြစ် ဖမ်းဆီးကြရန်၊ ရန်သူ့ လက်နက် ခဲယမ်း စစ်ပစ္စည်း များ ကို သိမ်းယူရမိရန် အတွက် တော်လှန်ရေး ယှဉ်ပြိုင်မှုကြီး ကို တက်တက် ကြွ ကြွ ရှိန်းရှိန်းတားတား လုံးပန်း ဆင်နွှဲပြီး၊ မှန် မြတ်သည့် လက်နက်ကိုင်တော်လှန်ရေး အ နှစ် ( ၄၀ ) မြောက်နေ့ကို ဂုဏ်ပြု ကြ ပါစို့ ။ ။

* * ဆေးရုံလူနာများ ပါ ဝင် ၍ အခမ်းအနား များကို ဆိုက် မြိုက်စွာ ကျင်းပနေပြီ ဖြစ်သည်။

ရှင်းပြင် ၆၈ ခုနှစ်မှ စ၍ ပြည်သူ့တပ် မတော်တွင် ပါဝင်တိုက်ပွဲဆင်ခဲ့ကြသည့် သော ရဲဘော်ဟောင်းကြီးများကို အ လေး ဖိတ်ကြား၍ ဧည့်ခံပွဲတခု လုပ်ကြ ဦးမည် ဖြစ်ပြီး တပ်မတော်သား အား လုံးကို ၃၂၈ အထိမ်းအမှတ် အပို သုံး ကျပ်ငွေ ယေ၏ နှင့် မေးမြန်းမည် ဖြစ်။

## မကွာပ် / မုခဦး ဖြိုး

မတ် ၂၃ ။ ။ ၃၂၈ လူထု ဆုဆင်းဆေ ပွဲကြီး ကျင်းပမည့် ကွင်းကြီး၏ အ ဖက်တစ်ချက်တွင် ပရိယတ်များ နား နေရန် မဏ္ဍပ်များ နှင့် အခမ်း အနား မုခဦးကြီးကို ယူနစ်အသီးသီး မှ ရဲ ဘော် ၅၀ ကျော်က ဆောက်လုပ် ရာ တွင် လူထု ၈၀ ကျော်က ပါဝင် ကူ ညီ လုပ်ကိုင်ပေးကြကြောင်း ။

## ပညာရည်ချွန်ဆုပေးပွဲ

မတ် ၂၃ ။ ။ ၁၉၈၆ - ၈၇ / ၁၉ ၈၇ - ၈၈ ပညာသင်နှစ် များ အတွက် မန်ဆန်း အ.လ.ယ တန်း ကျောင်း ၌ ပညာ ရည်ချွန်ဆုပေးပွဲ ကျင်းပရာ ပါဝင် ခေါင်းဆောင်များ၊ တပ်ပေါင်းစု ခေါင်း ဆောင်များ၊ ကျောင်းသားမိဘများ တက် ရောက် ချီးမြှင့်ကြသည်။

## ဆေးရုံ လှုပ်ရှားမှု

မတ် ၂၄ ။ ။ ၃၂၈ အထိမ်း အ မှတ် အဖြစ် ဆေးရုံ အမျိုးသမီး သ မ္မာ က လူနာများ၏ အဝတ် အ စားများ လျှော်ဖွပ်သည်။

ဆေးရုံ ပါမဲကျောက်မတ်ဝီ မှ လည်း ကွန်မြူနစ်လူငယ် ၃ ဦး၊ ပါတီဝင် တဦး သိမ်းသွင်း၍ စံပြ ၁၂ ဦး ရွေးချယ် ဂုဏ်ပြုသည် ဟု သိရ ကြောင်း ။ ။

# သတင်းစဉ်

၁၃၄၉ ခု တန်ခူးလဆန်း ၁၁ (၂၈-၃-၈၈)


## လွှယ်လန်း မှ တိုက်ပွဲ

### ကြေးစားများ ကွဲ နေသည် ဟု သိရ

မတ် ၂၃ ။ ။ ထိုင်း-မြန်မာ နယ်စပ် ရှိ လွှယ်လန်း ဟာဒိုက်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများ ဖြစ်ပျက်လျက်ရှိသည်။ ကြေးစားတပ်မ ၃၃ နှင့် ထိုင်း သဘင် ဘက်မှ တပ် ချစုပေါင်း ၄ ဖွဲ့ အသုံးပြုပြီး ပြည်သူ့တပ်မတော် စခန်းများကို မတ်လ ၁၉ ရက်နေ့မှ စတင် ထိုးစစ်ဆင်လျက်ရှိရာ ၂၂ ရက် နေ့ညအထိ ရန်သူကို ၈ ကြိမ်တိုင်တိုင် ခုခံ လှန်လိုက် နိုင်ကြောင်း ။

မတ်လ ၂၂ ရက် ညတွင် ဖြစ်ပွားခဲ့သော ပုံကောင်း တိုက်ပွဲ တခုတည်း နှင့်ပင် ရန်သူ ၁၁ ယောက် သေပြီး ၊ ဒဏ်ရာ အရှုံး များများပြား ကြောင်း ၊ ရန်သူ ထံမှ ဓါတ်မော်တာ ၁ လက် ၊ ရှင်းကျည် (၆) တောင့် ၊ ဓါးမြှောင်းတ ကောင် သိမ်းဆိုက်ရရှိ လိုက် ကြောင်း ရှေ့ဦး ပေါက်လာသော သတင်း များအ ရ သိရသည်။

ကျွဲထိုးစခန်း မှာ ထိုင်းနိုင်ငံ သို့ ခင်အိုး ရ မှ သစ်များ ထုတ်ရောင်း ရန် ကားလမ်းပေါက် ဖြစ်၍ ကြေးစားများ အား အသေခံပြီး ယမ်းနှင်း နိုင်းပြင်း ဖြစ်သည်ဟု ကြားသိရသည်။

## ဝဆောင်ခရိုင်ဥဂျကြို ရှမ်းဘာသာပြန်စာအုပ် ရေသောက်မြစ်သုံးသွယ်

မတ် ၂၁ ။ ဝဆောင် ခရိုင် နိုင်ငံရေးဌာန မှ အနှစ် ၄၀ မြောက် လက်နက်ကိုင် တော်လှန်ရေး နေ့ အခမ်းအနား ကျင်းပ သည့် မတ် ၂၀ ရက်နေ့ ၌ ဗွီအိုင် လီနင် ရေး « မာ့က်စ် ဝါဒ၏ ရေသောက်မြစ်သုံးသွယ် နှင့် ပါဝင်ရာ အပိုင်း ၃ ရပ်၊ ကားလ်မာ့က်စ် သင်ကြားချက် ၏ သမိုင်းဆိုင်ရာ ကံကြမ္မာ» စာအုပ်ကို ရှမ်းဘာသာ ဖြင့် ပြန်ဆို ထုတ်ဝေ ဖြန့်ချိ လိုက် ကြောင်း ကြားသိရသည်။

## ပန်ဆန်းဇာတ်စင် တင်ဆက်ကပြနေပြီ

ရှမ်းမြောက်ဒေသ ပန်ဆန်း ဇာတ်ရုံ တွင် မတ်လ ၂၆ ရက်နေ့မှ စပြီး ခရိုင် အသီးသီး မှ လာရောက် သော လူမျိုးစုံ ပြိုင်ပွဲ အကကာများ ၊ အရှေ့ မြောက်စစ်ဒေသ ဝါဒဖြန့် အဖွဲ့ များ မှ ဇာတ်မင်း ၊ အကပညာသည်များ နှင့် " မပျောင်းသေးတဲ့ အာဝါဇ် ၊ တပေါင်း သွေး ရဲ့ အရိပ် " ပြဇာတ်ကို တင်ဆက် ကပြလျက် ရှိပါသည်။